# စ မလား၊ စောင့်မလား

အရှင်ဉာဏိက

ဒီနေ့ဆို ဒီဇင်ဘာ ၁၇ ရက်၊ နောက်သီတင်းနှစ်ပတ်အတွင်းမှာပဲ ၂၀၀၇ ဆိုတဲ့ နှစ်သစ်ထဲကို ဝင်ရောက်တော့မယ်၊ ကုန်သွားတဲ့ နှစ်တစ်နှစ်အတွင်း ဘာတွေလုပ်နိုင်ခဲ့သလဲလို့ စဉ်းစားရင်း အတွေးက ကုန်လွန်ခဲ့တဲ့အချိန်တွေဆီ ပြန်ရောက်သွားခဲ့တယ်။

ကုန်လွန်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ကိုယ့်အတွက်၊ အများအတွက် ၊ ဘာတွေများလုပ်နိုင်ခဲ့ပါသလဲလို့ စဉ်းစားကြည့်မိပါတယ်၊ နေခဲ့ရတဲ့ဘဝရဲ့ ကျေနပ်ဖွယ်အရာတွေ ၊ မကျေနပ်ဖွယ်အရာတွေကို ဇယားချကြည့်မိတော့ သဲသဲကွဲကွဲ မရှိလှဖူးရယ်လို့ ပြန်လည်သုံးသပ်မိပါတယ်၊ မိကောင်းဘကောင်း ဆရာသမားကောင်း၊ မိတ်ဆွေသူငယ်ချင်းကောင်းများနဲ့ ကြုံဆုံခွင့်ရခဲ့တာကြောင့် ဘဝခရီး ခရောင်းကြမ်း လမ်းမျိုးကို ပင်ပမ်းကြီးစွာ မလျှောက်ခဲ့ရပါဘူး၊ ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားအရွယ် စာသင်ခန်းထဲ ရှိနေရမည့်အချိန်မှာ စာသင်ခန်းထဲ မနေနိုင်ပဲ နှစ်နှစ်ကျော်ကျော်လောက် နေပူမိုးရွာ မရှောင်နိုင်ပဲ နွားစားကျက်ကွင်းမှာ နွားကျောင်းနေခဲ့ရတာက လွဲရင်ပေါ့ ၊ အဲ နောက်ပြီးလည်း တစ်ဆယ့်ငါးနှစ်သားအရွယ် မြို့ကိုစာသင်မထွက်မီမှာ မိဘများရဲ့ တောင်းဆို စီမံမှုနဲ့ တစ်တလင်းခါလုံး လယ်ကွင်းပြင်ထဲ စပါးရိတ် စပါးသိမ်းလုပ်ခဲ့ရတာကိုလည်း ဘဝရဲ့ အပင်ပမ်းခဲ့ရဆုံး အချိန်လို့ဆိုနိုင်သလို ဘဝတဆစ်ချိုး ပြောင်းလွဲသွားနိုင်လောက်တဲ့ အဖြစ်မျိုးနဲ့လည်း ကြုံခဲ့ရတာမို့ ချန်လှပ်မထားသင့်တဲ့ အရာလို့ ဆိုရမှာပေါ့လေ၊ ဒီနှစ်လကျော် သုံးလလောက်အချိန်ကတော့ ဒီလောက်လေးများလို့ပြောနိုင်သလို ဒီလောက်တောင်မှပဲလားလို့လည်း ဆိုနိုင်လောက်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ ယေဘုယျ ခြုံပြောရလျှင်ဖြင့် ဘဝမှာ ကိုယ်လုပ်ချင်တဲ့ အလုပ်တော်တော်များများကို လုပ်နိုင်ခဲ့တယ်ရယ်လို့တော့ ခံယူမိပါတယ်၊ ဒါကလည်း ကြီးကြီးမြင့်မြင့်ကြီးတွေကို မမျှော်လင့်ခဲ့တာကြောင့်လည်း ဖြစ်ပါလိမ့်မယ်၊ မျှော်လင့်ချက်တွေ ကြီးကြီးမားမားထားသူမျိုး ဖြစ်မယ်ဆိုလျှင်တော့ ကိုယ်လျှောက်ခဲ့ရတဲ့လမ်း၊ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ဘဝ၊ ကိုယ်ရရှိနေတဲ့ အနေအထားက ဘာမှပြောလောက်ဆိုလောက် ရှိလောက်တဲ့ အနေအထားမျိုး မဟုတ်ပါဘူး၊ သာမန်သူထက် လုံးဝမပိုတဲ့ တကယ့်ကိုမှ သာမန်လူတစ်ဦးမျှသာပါ။ တတြ တတြာဘိနန္ဒိနီ–ကိုယ့်ဘဝကိုယ်တော့ နှစ်သက်နေတတ်တာ သတ္တဝါတွေရဲ့ စရိုက်သဘာဝပါ ဆိုတဲ့ စကားလေးလို ကိုယ့်ဘဝနဲ့ကိုယ်တော့ ကျေနပ်နေမိပါတယ်။ ရိုးရိုးလေးပဲကျင့်ခဲ့ပေမယ့် မြင့်မြင့်ကြီးတွေ မကြံခဲ့လေသမို့ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဆိုတဲ့ ဆိုရိုးစကားကို လက်ကိုင်ထားသူတို့ကတော့ စာရေးသူရဲ့ သဘောထားအတွက် အားမရနိုင် ဖြစ်နေမလားပါပဲ။

ခုလိုကိုယ်တစ်ဦးတည်းအတွက် ထိုက်သင့်သလောက် ကျေနပ်မှုမျိုးရှိနေပေမယ့် ကိုယ်နဲ့သက်ဆိုင်ဆက်စပ်နေသူများနဲ့ ပတ်သက်ပြီးတော့ ဘာမှ ဟုတ်တုတ်ငြားငြား မလုပ်နိုင်ခဲ့တာ, မလုပ်နိုင်သေးတာကို တွေးပြီးတော့တော့ ကိုယ့်ကိုယ်ကို အားမလို အားမရဖြစ်မိပါတယ်၊ နောက်ပြီး သူတို့တွေအတွက် ဘာတွေများ လုပ်ပေးနိုင်မလဲလို့လည်း တွေးမိပါတယ်၊ ကိုယ့်မှာက အသိပညာ အတတ်ပညာအားဖြင့်ဖြစ်စေ၊ ငွေကြေးအားဖြင့်ဖြစ်စေ၊ ရာထူးအာဏာ တန်ခိုးပါဝါအားဖြင့်ဖြစ်စေ၊ ဘာမှ ဟုတ်တိပတ်တိ ပြောလောက်ဆိုလောက် မရှိတာကြောင့် ဘာများစွမ်းစွမ်းပေါက်ပေါက် လုပ်နိုင်မှာလဲလို့လဲ အားလျော့စိတ်နဲ့ တွေးမိပြန်ပါတယ်၊ သို့ပေမယ့် အများကောင်းကျိုးလုပ်ဆောင်ဖို့ဆိုတာက ကြီးကြီးကျယ်ကျယ် ခန်းခန်းနားနားကြီးတွေ ပြုလုပ်နိုင်မှ လုပ်ရမှာမျိုးမဟုတ်ပဲ သေးသေးငယ်ငယ်လေးပင်ဖြစ်ပါစေ၊ ကိုယ်လုပ်နိုင်တဲ့ အနေအထားကစပြီးလုပ်လျှင် ဖြစ်နိုင်တာပဲရယ်လို့လည်း ဆင်ခြင်မိပါတယ်။ ဒီနေရာမှာ မာသာထရီဇာ

ရဲ့စကားလေးတွေကိုလည်း သတိရမိပါတယ်။ ဆင်ခြင်စရာ၊ အတုယူစဉ်းစားစရာဖြစ်တာကြောင့် မျှဝေလိုလို့ ဘာသာပြန်ကာ ဖော်ပြလိုက်ပါတယ်။

In this life we can do no great things; only do small things with great love.

“ဘဝမှာ ကျမတို့တတွေ ကြီးကြီးကျယ်ကျယ် ခန်းခန်းနားနားကြီးတွေ မလုပ်နိုင်ပါဘူး၊ သေးသေးလေးတွေကိုတော့ ကျမတို့တတွေ ကြီးကျယ်ခန်းနားတဲ့ ချစ်မေတ္တာတရားနဲ့လုပ်နိုင်ပါတယ်”၊ မာသာထရီဇာရဲ့ စကားလေးက စာရေးသူတို့လို မကြီးကျယ် မခန်းနားသူတွေအတွက် ခွန်အားသစ်တွေလောင်းပေးလိုက်တဲ့ ကြီးကျယ်ခန်းနားတဲ့ အားပေးစကားပါပဲ၊ ရှိနေတဲ့ အားငယ်စိတ်တို့ ပါးလျားကုန်လျော့စေသလို ထည်ဝါခန်းနားတဲ့ အားမာန်သစ်တို့ကိုလည်း တိုးပွားစေပါတယ်၊ လူတိုင်းလူတိုင်းမှာ ကိုယ်ပိုင်စွမ်းရည်လေးတွေဆိုတာ အသီးသီးရှိကြစမြဲပါ၊ သို့ပေမယ့် ကိုယ့်မှာရှိနေတဲ့စွမ်းရည်ကို ထုတ်ပြီးမသုံးစွဲကြတာကြောင့် ဒီစွမ်းရည်လေးတွေက ငုံ့လျှိုးလို့နေကြရပါတယ်၊ ကိုယ့်မှာရှိတဲ့စွမ်းရည်ကို မသုံးဖြစ်ခြင်း အကြောင်းထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအားနည်းခြင်းကလည်း တစ်ခုအပါအဝင်ပါ၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းခြင်းဟာ ဆိုးကျိုးကိုဖြစ်စေတတ်သလို ကိုယ့်စွမ်းရည်ကို လျော့တွက်လွန်းခြင်းကလည်း ဆိုးကျိုးကို ဖြစ်စေတတ်ပါတယ်၊ အောင်မြင်မှုနဲ့လည်း ဝေးစေတတ်ပါတယ်၊ နောက်ပြီး အများကောင်းကျိုးဆောင်ရွက်ရာမှာလည်း နောက်တွန့်စေတတ်ပါတယ်၊ တကယ်တော့ ရှည်လျားတဲ့ခရီးတိုင်းဟာ ပထမခြေလှမ်းနဲ့ပဲ စရစမြဲပါ။

အများအကျိုးဆောင်ရွက်နေကြသူတွေ အများစုဟာ စစချင်း ကြီးကျယ်ခန်းနားမှုကြီးများနဲ့ စခဲ့ကြရတယ်ဆိုတာ မရှိသလောက်ရှားပါတယ်။ သေးသေးလေးနဲ့ပဲ စခဲ့ကြသူများပါတယ်၊ တကယ်တော့လည်း မပြောပလောက်တဲ့ သေးငယ်တဲ့အရာလေးပင်ဖြစ်ပါစေ၊ ကိုယ်လုပ်နိုင်သလောက်ကစပြီး လုပ်ဖြစ်ဖို့သာ အရေးကြီးတာပါ၊ ကြီးကျယ်တဲ့ အရာကြီးတွေ လုပ်ပြနိုင်လောက်တဲ့အထိ စိတ်ကူးနဲ့မျှော်မှန်းပြီး တန်ဖိုးရှိတဲ့အချိန်နဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို အလဟဿ မဖြုန်းပစ်သင့်ပါဘူး။ မာသာထရီဇာပြောသလို စာရေးသူတို့အနေနဲ့ ကြီးကျယ်ခန်းနားမှုကြီးတွေ မလုပ်နိုင်ပေမယ့် ကြီးကျယ်ခန်းနားတဲ့ ချစ်မေတ္တာတရားနဲ့တော့ သေးငယ်တဲ့အရာတွေကို ပြုလုပ်နိုင်ပါတယ်၊ ဒီလိုချစ်မေတ္တာတရားနဲ့ပြုလုပ်လိုက်တဲ့ အသေးလေးတွေကပဲ တန်ဖိုးမဖြတ်နိုင်အောင် ခန်းနားကြီးကျယ်ထည်ဝါတဲ့ အကျိုးရလဒ်တွေ ပေါ်ထွက်လာတတ်တာပါ။

If you can't feed a hundred people, then feed just one.

“လူအများကို မကျွေးမွေး နိုင်ဖူးဆိုလျှင် တစ်ယောက်ကိုပဲ ကျွေးမွေးလိုက်ပါ”၊ လူများစွာအတွက် လုပ်ပေးနိုင်ဖို့ထိ စောင့်ဆိုင်းမနေပဲ တနိုင်တပိုင်ကစလို့ တစ်စုံတစ်ယောက်အတွက် အကျိုးရှိနိုင်တဲ့ အလုပ်ကစပြီး လုပ်ပေးပါလို့ ဆိုလိုတာပါပဲ၊ ဘာကြီးဖြစ်မှ၊ ဘာကြီးတွေကို ဘယ်လိုလုပ်လိမ့်မယ်လို့ စိတ်ကူးနေတာထက် ဘာလေးတွေ ဘယ်လောက် လုပ်ပေးနိုင်ခဲ့ပြီလဲ၊ ဘယ်သူ့အတွက် ဘာလေးတွေ ခုလုပ်နေတယ်ဆိုတာကသာ ပိုအရေးကြီးပါတယ်။

Do not wait for leaders; do it alone, person to person.

“ခေါင်းဆောင်မည့်သူကို စောင့်မျှော်မနေပါနဲ့၊ တစ်ယောက်ကနေ တစ်ယောက်ဆီလက်ဆင့်ကမ်းပြီး တစ်ယောက်တည်းလည်း လုပ်လိုက်ပါ”၊ ကိုယ်တစ်ယောက်တည်း ဖြစ်ပါစေဦး၊ ကိုယ်နိုင်ရာက စလုပ်သွားမယ်ဆိုရင်ဖြင့် တစ်ဦးမှသည် တစ်ဦးဆီသို့ ကူးလူးကာ ကိုယ့်လုပ်ရပ်ဟာ အရေးပါလာ ကျယ်ပြန့်လာလိမ့်မယ်လို့ ဆိုချင်တဲ့သဘော ဖြစ်မှာပါ၊ တစ်စုံတစ်ယောက်က လာရောက်လုပ်ပေးလိမ့်နိုးနဲ့ မျှော်ကိုးစောင့်စား မနေနဲ့ရယ်လို့လည်းပဲ ဆိုတဲ့ သဘောပါ။ ဗုဒ္ဓဘုရားရှင်ကလည်း ကောင်းကျိုးတွေ ရောက်လာလိမ့်နိုး မျှော်ကိုး စောင့်စားပြီး မနေလေနဲ့၊ အချိန်ကာလ နာရီ နက္ခတ် ကောင်းတွေ ရွေးချယ်စောင့်မျှော်မနေပဲ လုပ်သင့်လုပ်ထိုက်တဲ့လုပ်ငန်းကို ကိုယ်ကိုယ်တိုင် ကိုယ်အစွမ်းလုံ့လနဲ့ မြန်မြန်ထက်ထက် လုပ်ဖို့ကို တိုက်တွန်းတော်မူခဲ့ပါတယ်။ ကြီးမြတ်တဲ့ မေတ္တာရှင်၊ မဟာကရုဏာရှင်ကြီးများရဲ့ စကားတွေဟာ ဖတ်ကောင်းရုံမျှသာ သဘောထားရမှာ မဟုတ်ပဲ လိုက်နာလုပ်ဆောင်ဖို့အထိပါ လိုအပ်ပါတယ်၊ အများအတွက် လိုအပ်ချက်ကို ဖြည့်စည်းရာမှာလည်း ကိုယ်မလုပ်ပေမယ့် အခြားသူတစ်ဦးဦးက လုပ်ပေးလိမ့်မယ်ရယ်လို့ ယူဆထင်မြင်နေလို့ မဖြစ်ပါဘူး၊ သူများဆိုတာ ကိုယ်မဟုတ်လို့ ကိုယ်တွေးသလို ကိုယ်မြင်သလို တွေး

မြင်မှာပဲရယ်လို့လည်း မမျှော်လင့်သင့်ပါဘူး၊ လုပ်သင့်တဲ့လို့ယူဆရင် လုပ်လိုက်တာဟာ အကောင်းဆုံးပါပဲ၊ လုပ်ပြီ ဆိုလျှင်လည်း မေတ္တာရှင်၊ ကရုဏာရှင်များနည်းတူ မေတ္တာ ကရုဏာအပြည့်နဲ့ လုပ်ဖို့လည်းလိုပါတယ်။

**I prefer you to make mistakes in kindness than work miracles in unkindness.**
"ကြင်နာမှု မပါတဲ့ ထူးဆန်းအံ့ဖွယ်အလုပ်တွေထက် ကြင်နာမှုနဲ့ပြုလုပ်တာကြောင့် မှားခဲ့တဲ့အမှားကို ပိုပြီး နှစ်သက်ပါတယ်" ဆိုတဲ့ မာသာထရီဇာရဲ့စကားဟာလည်း မှတ်သားစရာပါပဲ၊ မေတ္တာ ကရုဏာဟာ ဘယ်လောက်တောင်မှ အရေးကြီးတယ်၊ တန်ဖိုးကြီးတယ်ဆိုတာကိုလည်း ဖော်ပြလိုက်သလိုပါပဲ။

မကြာမီကပဲ မြန်မာပြည်ကနေ ခဏကြွရောက်လာတဲ့ ဆရာတော်ရဲ့တစ်ပါးက အမေရိကန် တနံတလျား ခရီးသွားရာက ပြန်လာပြီး နေရာဒေသတိုင်းမှာ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေတာတွေ၊ လမ်းပန်းအဆက်အသွယ်တွေ ကောင်းမွန်ချောမွေ့နေတာနဲ့၊ တယ်လီဖုန်း အင်တာနက်စတဲ့ဆက်သွယ်ရေးစနစ်တွေကို ကြည့်ပြီး " ခုလို မီးတွေလမ်းတွေကောင်းနေတာတွေ၊ ဆက်သွယ်ရေးတွေကောင်းအောင် လူတွေပဲ လုပ်ခဲ့ကြတာပဲ၊ ဘယ်နတ်ဗြဟ္မာတွေကမှ ဖန်ဆင်းပေးထားတာ မဟုတ်ဘူး၊ အစစအရာရာ တိုးတက်မှုတွေရှိနေတာဟာ လူတွေအပေါ်မှာထားတဲ့ အချို့ လူသားတို့ရဲ့ မေတ္တာ ကရုဏာများကြောင့်ပါပဲ၊ လူတွေမှာ အထူးသဖြင့် လုပ်ကိုင်နိုင်တဲ့နေရာကို ရောက်ရှိနေသူ၊ ရရှိနေသူတွေရဲ့ နှစ်လုံးသားနဲ့ ဦးနှောက်ထဲမှာ လူအများအတွက် လုပ်ပေးလိုတာ၊ ကိုယ်ကြီးပွားပြည့်စုံသလို အခြားသူတွေကိုလည်း ပြည့်စုံစေချင်တဲ့ မေတ္တာစိတ်လေး မွေးမြူလိုက်မယ်ဆိုလျှင်ကိုပဲ ဒို့ဆီမှာလည်း ဒီလိုပဲ လမ်းတွေလည်း ချောမွေ့၊ မီးတွေလည်း ထိန်ညီး နေမှာပါပဲ၊ ခုလို အမှောင်နဲ့အလင်း၊ ချောမွေ့ခြင်းနဲ့ အဆင် မပြေဖြစ်နေရခြင်းတွေရဲ့ အဓိက ခြားနားချက် အကြောင်းကတော့ မေတ္တာနဲ့ကရုဏာပါပဲ"လို့ ဆိုပါတယ်။ စေတနာ, မေတ္တာတွေ ဘယ်လိုထားပါတယ်၊ အားငယ်သူတွေကို ဘယ်လိုညှာတာ ကရုဏာထားပါတယ်ဆိုတဲ့ အပြောစေတနာ၊ အပေါ်ယံ မေတ္တာ, ကရုဏာထက် လက်တွေ့ကျကျ လုပ်ဆောင်ပြသမှု အစစ်အမှန် မေတ္တာ, ကရုဏာကသာ ပိုပြီးအရေးကြီးပါတယ်။

**Never worry about numbers. Help one person at a time, and always start with the person nearest you.**
"ဘယ်လောက်များများ လုပ်ပေးနိုင်မှုဆိုတဲ့ အရေအတွက်များဖို့အရေး တွေးပူမနေပါနဲ့၊ ကူညီစရာရှိတာကို တစ်ကြိမ်တည်း, တစ်ဦးတည်းပင်ဖြစ်ပါစေ၊ ကူညီပေးလိုက်ပါ ၊ သင့်အနီးဆုံးမှာ ရှိနေတဲ့သူနဲ့ပဲ အမြဲတမ်း စပြီး လုပ်လိုက်ပါ"။
ကျွန်တော်တို့ ဘယ်လောက်များများ လုပ်ပေးခဲ့ပြီဆိုပြီး ဂဏန်းတွေ ချပြလေ့ရှိတတ်သူများ၊ အရည်အသွေး (Quality)ထက်, အရည်အတွက် (Quantity) ကို ဦးစားပေးသူများအတွက် သခ်ိန်းစာယူစရာပါ။

**It is not how much we do, but how much love we put in the doing. It is not how much we give, but how much love we put in the giving.**
"တကယ်တမ်းအရေးကြီးတာက ဘယ်လောက် လုပ်ဆောင်နိုင်တယ်၊ ဘယ်လောက်ပေးနိုင်တယ်ဆိုတာ မဟုတ်ပါဘူး၊ ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်ထဲမှာ, ကိုယ်ပေးခဲ့တဲ့အရာထဲမှာ ကိုယ့်ရဲ့ မေတ္တာတရားတွေ ဘယ်လောက်များများ ထည့်ပေးနိုင်သလဲဆိုတာပါ"၊

စာရေးသူ မကြာမကြာ ကြားရတတ်တဲ့စကားကတော့ "လုပ်မနေပါနဲ့ကွာ၊ မင်းလုပ်လို့လဲ ဘာမှဖြစ်မလာပါဘူး" ဆိုတာပါ၊ ကိုယ်ကိုယ်တိုင် မလုပ်လိုရုံမက လိုအပ်မယ်ထင်လို့ လုပ်နေသူတွေရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်ကိုပါ ပျော့ညံ့ သေးသိမ်အောင် ပြောလိုက်တဲ့စကားမျိုးပါ၊ ပြောသူရဲ့စကားက အပြောခံရသူတစ်ဦးတည်းအပေါ်မှာ စေတနာနဲ့ ပြောတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါမှမဟုတ်လည်း တတ်နိုင်သလောက် လုပ်နေသူရဲ့စိတ်ဓာတ်နဲ့စွမ်းအားကို မလေးစားတာ၊ အထင်သေးကဲ့ရဲ့လိုတာကြောင့် ပြောတာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ တကယ်လို့ အပြောခံသူအပေါ်မှာ

စေတနာနဲ့ပြောတာပင်ဖြစ်စေဦးတော့၊ အခြားသူတွေအပေါ်မှာ စေတနာမဲ့တဲ့၊ မေတ္တာခမ်းတဲ့ စကားမျိုးသာဖြစ်ပါတယ်။ နှမ်းတစ်လုံးထဲနဲ့ ဆီမဖြစ်နိုင်ပေမယ့် ဆီဖြစ်ဖို့ရန်အတွက် ဒီနှမ်းတစ်လုံးစီ တစ်လုံးစီ စုပေါင်းပါဝင်မှုဖြစ်တယ်ဆိုတာကို နားလည်ဖို့လိုပါတယ်၊ ဆီဖြစ်ဖို့ရန်အတွက် နှမ်းတစ်လုံးစီ တစ်လုံးစီရဲ့တန်ဖိုးဟာ အလွန်အရေးပါပါတယ်၊ ကိုယ်က အရေးပါသူတစ်ယောက်ဖြစ်မှသာ လုပ်ဆောင်ရမယ်ဆိုတဲ့အတွေးမျိုးကိုက အရေးပါနေသူတွေကိုသာ လုပ်ပိုင်ခွင့်တွေ ပိုပေးနေသလိုမျိုး ဖြစ်စေပါတယ်၊ သေချာတာကတော့ မဖြစ်နိုင်ဘူးထင်လို့ ဘာမှ မလုပ်လျှင်တော့ လုံးဝဘာမှကို ဖြစ်လာမှာ မဟုတ်ဘူး ဆိုတာပါပဲ။

What we are doing is just a drop in the ocean. But if that drop was not in the ocean, I think the ocean would be less because of that missing drop. I do not agree with the big way of doing things.

"ကျွန်မတို့လုပ်ဆောင်ချက်တွေဟာ သမုဒ္ဒယာထဲက ရေတစ်ပေါက်လောက်သာပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် တကယ်လို့သာ ဒီရေတစ်ပေါက်သာ သမုဒ္ဒယာထဲမှာ မပါဝင်ဘူးဆိုလျှင် သမုဒ္ဒယာကြီး ရေတစ်ပေါက်တော့ ယုတ်လျော့သွားမှာပါပဲ၊ ကျွန်မကတော့ ကြီးကြီးကျယ်ကျယ်ကြီးတွေလုပ်နိုင်မှ လုပ်ရမယ်ဆိုတဲ့ နည်းလမ်းမျိုးကို သဘောတူ လက်မခံပါဘူး"။

မာသာထရီဇာရဲ့ လုပ်ဆောင်ချက်တွေ၊ သူ့စကားတွေက မိခင်တစ်ဦးရဲ့ ပုံရိပ်လွှာကို ပေါ်လွင်စေပါတယ်၊ လူသားတွေအပေါ်မှာထားတဲ့ သူ့မေတ္တာတရားရဲ့ ပမာဏဟာ ဘယ်လောက်ကြီးမားကြောင်းကို သေးသေးလေးကပဲစလို့ စေတနာမေတ္တာအပြည့်အဝနဲ့ လုပ်ဆောင်ဖို့ တိုက်တွန်းခဲ့တဲ့ သူ့စကားများက ဖော်ညွှန်းပြသနေပါတယ်။

စာရေးသူတို့အသီးသီးမှာလည်း လုပ်နိုင်တဲ့စွမ်းအားတွေ ကိုယ်စီရှိကြပါတယ်၊ ဘယ်လောက်လုပ်နိုင်ပါမှ၊ ဘယ်အချိန်မျိုးရောက်ခါမှ၊ ဘယ်သူတွေပါဝင်ပါမှ ဆိုပြီး အကြီးမျှော်၊ အချိန်ရွှေ့၊ အဖော်စောင့်နေကြတာကြောင့်သာ မလုပ်ဖြစ်ခဲ့ပဲ အချိန်တွေ ကြာညောင်းခဲ့ကြရတာပါ။ (ကိုယ့်အကျိုးသက်သက်အတွက် မဟုတ်ပဲ) လုပ်သင့်လုပ်ထိုက်တယ်လို့ ထင်လျှင်ဖြင့် စောင့်စားမနေပဲ လုပ်နိုင်တဲ့အတိုင်းအတာကစလို့ မေတ္တာစေတနာအပြည့်နဲ့ လုပ်ကြဖို့ကသာ အရေးကြီးပါတယ်။ ။

*Yesterday is gone.*
*Tomorrow has not yet come.*
*We have only today.*
*Let us begin.*

**Mother Teresa**

**အရှင်ဉာဏိက**
ဒီဇင်ဘာလ ၁၇ ရက်၊ ၂၀၀၆